ကရင်နီပြည်နယ်အတိုင်ပင်ခံကောင်စီ

Karenni State Consultative Council (KSCC)

# ထုတ်ပြန်ကြေညာချက်- အမှတ် (၁/ ၂၀၂၁)

နေ့စွဲ၊ ။ ၂၀၂၁ခုနှစ်၊ ဧပြီလ (၁၈)ရက်

၁။ ယနေ့အချိန်ကာလသည် စစ်တပ်၏အာဏာသိမ်းမှုအား ဆန့်ကျင်သည့် လူထုအုံကြွလှုပ်ရှားမှုနှင့် အကြမ်းမဖက်ပြည်သူ့အာဏာဖီဆန်ရေးလှုပ်ရှားမှုများ မြန်မာနိုင်ငံတစ်ဝှမ်းလုံးတွင် ဖြစ်ပေါ်နေသည့်အတွက် တိုင်းပြည်၏ အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေးကဏ္ဍများ ယိုယွင်းပျက်စီးနေသည်သာမက နိုင်ငံသူနိုင်ငံသားများ၏လုံခြုံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် ယဉ်ကျေးမှု အစရှိသည့် ကဏ္ဍများကို အကောင်အထည်မဖော်ဆောင်နိုင်တော့သည့် အခြေအနေကို ဆိုက်ရောက်နေပြီဖြစ်သည်။

၂။ ထို့အတွက်ကြောင့် ၂၀၂၀ခုနှစ်၊ နိုဝင်ဘာလ(၈) ရက်နေ့ အထွေထွေရွေးကောက်ပွဲကြီးမှ ရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ်များဖြင့် စုဖွဲ့ထားသည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (CRPH) သည် တိုင်းရင်းသားအင်အားစုများနှင့် အတူတကွ စစ်အာဏာရှင်အပြီးသတ်ချုပ်ငြိမ်းရေး၊ အနာဂတ် တိုင်းပြည်အား ဖယ်ဒရယ်ဒီမိုကရေစီစနစ်ဖြင့် တည်ဆောက်သွားနိုင်ရေးနှင့် ပြည်နယ်များ၏ ကိုယ်ပိုင်ပြဋ္ဌာန်းပိုင်ခွင့်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး၊ လူထုအစိုးရသစ်တစ်ရပ်ပေါ်ပေါက်လာရေးတို့အတွက် ရည်ရွယ်၍ အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ (National Unity Consultative Council- NUCC) အတွင်းညှိနှိုင်းတိုင်ပင်၍ အမျိုးသားညီညွတ်ရေးအစိုးရ (National Unity Government- NUG) အား ၂၀၂၁ခုနှစ်၊ ဧပြီလ(၁၆)ရက်နေ့တွင် ဖွဲ့စည်းလိုက်ပြီး တိုင်းပြည်၏ ကြားကာလအစီအမံများကို အကောင်အထည်ဖော်ဆောင်ရွက်နေသည့် အပေါ် ကရင်နီအမျိုးသားများကလည်း အပြည့်အဝထောက်ခံပြီး ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၃။ ကရင်နီအမျိုးသားများ၏ နိုင်ငံရေးရည်မှန်းချက်ဖြစ်သည့် အမျိုးသားတန်းတူရေး၊ တရားမျှတရေး၊ ဒီမိုကရေစီရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရှိသည့် ဖယ်ဒရယ်ပြည်ထောင်စုကို အခြားတိုင်းရင်းသားများနှင့်အတူယှဉ်တွဲနေထိုင်သွားရန်ရည်ရွယ်သည့်အတွက် ကြားကာလမှ စတင်၍

ဖယ်ဒရယ်ပြည်ထောင်စု တည်ဆောက်နိုင်သည့်အထိ ကရင်နီအမျိုးသားများ၏ မူလအခွင့်အရေးဖြစ်သော ကိုယ်ပိုင်ပြဌာန်းခွင့်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ကရင်နီပြည်နယ် တွင်းရှိ ၂၀၂၀ခုနှစ် ရွေးကောက်ခံအမတ်များ၊ နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ၊ လူငယ်နှင့် အမျိုးသမီးအဖွဲ့အစည်းများ၊ တတ်သိပညာရှင်များအားလုံးစုစည်း၍ ကရင်နီပြည်နယ် အတိုင်ပင်ခံကောင်စီ (Karenni State Consultative Council- KSCC) အား ၂၀၂၁ခုနှစ်၊ ဧပြီလ (၉) ရက်နေ့မှစတင်၍ ဖွဲ့စည်းထားရှိပြီး ဖြစ်သည်။

၄။ ကရင်နီပြည်နယ် အတိုင်ပင်ခံကောင်စီအနေဖြင့် ကရင်နီပြည်နယ်၏ နိုင်ငံရေးအခန်းကဏ္ဍကို ဦးဆောင်၍ ကြားကာလ ကရင်နီပြည်နယ်အမျိုးသားညီညွတ်ရေးအစိုးရဖွဲ့စည်းခြင်းနှင့် ပြည်နယ်၏ အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေးကဏ္ဍများကို သက်ဆိုင်ရာမှ အကောင်အထည်ဖော်နိုင်ရန်အတွက် လမ်းညွှန်ဆောင်ရွက်သွားမည် ဖြစ်သည်။

၅။ ထို့အပြင် ပြည်ထောင်စုအဆင့် ဖွဲ့စည်းထားသည့် အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ (NUCC) နှင့် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) တို့နှင့် ပြည်နယ်အရေး၊ ပြည်ထောင်စုအရေးများနှင့်ပတ်သက်၍ ချိတ်ဆက်ဆောင်ရွက်သွားမည်ဖြစ်ပြီး အနာဂတ်ဖယ်ဒရယ် ဒီမိုကရေစီပြည်ထောင်စုပေါ်ထွန်းရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

**ကရင်နီပြည်နယ်အတိုင်ပင်ခံကောင်စီ**

ဆက်သွယ်ရမည့်ဖုန်းနံပါတ်

+66 980063644